# မြန်မာနိုင်ငံကျမ်းစာအသင်း

## နှစ်သိမ့်ခွန်အားပေးသနား၊ နှုတ်ကပတ်သမ္မာတရား

The Word of God: Source for Comfort and Strength

ဟေရှာ ၄၀း၃၁၊ ဆာ ၁၈း၁-၂၊ ၁၁၉း၁၆၅၊ ယော ၁၄း၁၆၊ ဖိ ၄း၁၃

# ၂၀၀၉ သမ္မာကျမ်းစာလေ့လာခြင်း (စမ္မဟောင်း)

## ဟေရှာယအနာဂတ္တိကျမ်း ၄၀

ပြုစုသူ
သိက္ခာတော်ရဆရာခွေလမ်းထန်
ဘာသာပြန်လုပ်ငန်းအရာရှိ

**နိဒါန်း**

"အရာခပ်သိမ်းသည် ထာဝရဘုရားအားဖြင့်သာဖြစ်သည်" ဟူသောခံယူချက်သည် အစ္စရေးလူမျိုးတို့၏ တမူထူးခြားသောယုံကြည်ခြင်းဖြစ်သည်။ သူတို့သည်သဘာဝအားဖြင့်တိုက်ခတ်သောလေကို "ထာဝရဘုရား၏လေ" ဟုခံယူကြသည်။ "ထာဝရဘုရား ပေးတော်မူ၏။ ထာဝရဘုရားလည်းရုပ်သိမ်းတော်မူ၏။ ထာဝရဘုရား၏နာမတော်သည် မင်္ဂလာရှိပါစေသတည်း" ဟူသော အစ္စရေးလူမျိုးတို့အတွက်စံတင်ထားသောယုံကြည်ခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ်မေလတွင်တိုက်ခတ်ခဲ့သောနာဂစ်ဆိုင်ကလုံးသည် မြန်မာနိုင်ငံ၏မကြုံစဖူး၊ အလွန်ထိတ်လန့်စရာကောင်းသောသဘာဝဘေးဒါဏ်ကြီးဖြစ်သည်။ ၃၆မြို့နယ်ရှိရပ်ကွက်နှင့်ကျေးရွာပေါင်း ၁၃၈,၃၇၃ ယောက်ကျော်အသက်ရှုံးဆုံးပြီး၊ လူဦးရေ ၂. ၄ သန်းကျော်တို့၏ဘဝနေထိုင်မှုထိခိုက်ခဲ့သည်။

ခက်ထန်ကြမ်းကြုတ်သောမုန်တိုင်းကြားမှသေရက်မစေ့၊ အသက်ရှင်လွှတ်မြောက်ခဲ့သောသူများအတွက် သဘာဝသည်အလွန်ထိပ်လန့်စရာကောင်းခဲ့၏။ဘဝဟူသည်အလွန်စိတ်ဓါတ်ကျစရာကောင်းခဲ့၏။ ပတ်ဝန်းကျင်သည်အလွန်စိတ်ပျက်စရာကောင်း၏။ သို့သော်၊ ထိုခါးသီးသောအတွေ့အကြုံကျော်ဖြတ်ခဲ့သည်မှာ တစ်နှစ်ကျော်လာခဲ့ပါပြီ။ ဤအချိန်ကာလအတွင်း လုံလောက်သောနှစ်သိမ့်ခြင်းနှင့် လိုအပ်သောခွန်အားသည် ထာဝရဘုရားအားဖြင့်သာမဟုတ်ပါလား။

ထိုနည်းတူ၊ ချင်းတောင်တွင်နှစ်ပေါင်း ၅၀ မှာတစ်ကြိမ်ဖြစ်တတ်သောကြွက်ဘေးကြောင့် ၉ မြို့နယ်ရှိကျေးရွာ ၁၆၁ တို့၏ခန့်မှန်းတောင်ယာဧက ၁၁,၉၂၆ တို့ ပျက်စီးခဲ့သည်။ စားစရာမရှိငတ်မွတ်ခြင်းဘေးနှင့်ရင်ဆိုင်နေဆဲဖြစ်သည်။ တစ်ချိန်တည်းမှာသဘာဝဘေးဒါဏ်များထက်တောင်ပိုမိုဆိုးဝါးသော ကမ္ဘာ့စီးပွားရေးချွတ်ချုံကျမှုသည် ကမ္ဘာ့လူသားတစ်ရပ်လုံးကို ထိပ်ထိပ်တုန်အောင် ကိုင်လှုပ်နေဆဲပင်ဖြစ်သည်။ ထို့အပြင် သေခြင်း၊ ဆုံးရှုံးခြင်း၊ ဖျားနာခြင်း၊ ဝမ်းနည်းကြေကွဲခြင်း အစရှိသောလောကဓံတရားများကလည်းလူ့ဘဝကိုအချိန်မရွေးစိန်ခေါ်နေပါသည်။

ယနေ့၊ ခါးသီးခက်ခဲသောဘဝကိုရှုန်းကန်ရင်ဆိုင်ရင်း၊ ရေမရှိခြောက်သွေ့သောကန္တာရရှိ အိုအေစစ်စမ်းရေပမာ ထာဝရဘုရားသာလျှင်ပေးပိုင်သော နှစ်သိမ့်ခြင်းနှင့်ခွန်အားကို ဟေရှာယ ၄၀ အားဖြင့်လေ့လာကြပါစို့။

**ဟေရှာယ၏နောက်ခံအကျဉ်း**

"ဟေရှာယ" ဟူသောနာမည်၏အဓိပ္ပါယ်မှာ "ဘုရားသခင်၏ကယ်တင်ခြင်း" (God's salvation) ဖြစ်သည်။ ပရောဖက်ဟေရှာယသည် ယေရုရှလင်မြို့သား အာမုတ် (Amoz) ၏ သားဖြစ်၍ ဘီစီ ၇၆၅ ခန့်တွင်မွေးသည်။ အသက်၂၅ နှစ်တွင် ဘုရား သခင်၏ခေါ်ယူခွဲခန့်ခြင်းခံပြီး ဘီစီ ၇၀၁ ကျော်ထိသက်ရှင်ထင်ရှားခဲ့သည်။

ဟေရှာယအနာဂတ္တိကျမ်းတွင်အခန်းကြီး ၆၆ ခုရှိရာ ကျမ်းတတ်ပညာရှင်များက၊ ၁-၃၉ ကိုပထမဟေရှာယ၊ ၄၀-၅၅ ကိုဒုတိယဟေရှာယ နှင့် ၅၆-၆၆ ကိုတတိယဟေရှာယ ဟူ၍ခွဲခြားလေ့လာကြသည်။ ထိုသို့ခွဲခြားခြင်းမှာ မတူသောသတင်းစကားကွဲပြားသော နောက်ခံသမိုင်းနှင့်ခြားနားသောစာရေးဟန်တို့ကြောင့်ဖြစ်သည်။

ဟေရှာယအနာဂတ္တိကျမ်း အခန်းကြီး ၄၀ သည် ဒုတိယဟေရှာယ (Deutero Isaiah- ၄၀-၅၅) ၏အစဖြစ်သည်။ စာပေရသအားဖြင့် ကဗျာအမျိုးအစားဖြစ်သည်။ "ဖန်ဆင်း ခြင်း" ကို အခြေခံထား၍ (၄၀း၂၈၊ ၄၁း၂၀၊ ၄၂း၀၅၊ ၄၃း၇-၁၅၊ ၄၄း၂၁-၂၈၊ ၄၅း၇၊ ၁၂၊ ၁၈)၊ "နှစ်သိမ့်ခြင်း" သည် အဓိကသတင်းစကားဖြစ်သည် (၄၀း၁၊ ၄၉း၁၃၊ ၅၁း၃၊ ၁၂၊ ၅၂း၉)။

အစ္စရေးတို့သည် ဘီစီ ၅၈၇ တွင်ဗာဗုလုန်တို့၏သိမ်းပိုက်ခေါ်ဆောင်ခြင်းခံခဲ့ကြသည် (ယေ ၅၂း၂၈-၃၀၊ ၃ဓမ္မရာဇဝင် ၂၄း၁၄)။ ဗာဗုလုန်တွင် ကျွန်ခံနေစဉ် ဂျေရုဆလင်သို့ပြန်လာမည့်နေ့ကိုအလွန်တောင့်တ (ဆာ ၁၃၇) ခဲ့ကြသည်။ **၄၈** နှစ်တင်းတင်းပြည့် သည့် ဘီစီ ၅၃၉ နှစ်မှစ၍ဗာဗုလုန်တန်ခိုးကျလာပြီး ဆီးရီးယားတို့တန်ခိုး စတက်လာ (၄၆း၈-၁၁) သည်။ ဆီးရီးယားတို့သည်တိုင်းခြားသို့ခေါ်ဆောင်ခြင်းခံသောကျွန်များကို မိမိတို့၏ တိုင်းနိုင်ငံအသီးသီးဆီသို့ပြန်ခွင့်ပြုသည်။ မိမိတို့၏မြို့ရွာများပြန်လည်ပြုပြင်ခွင့်ပြုသည်။ ထိုအစိုးရအပြောင်း အလဲကြောင့် အစ္စရေးတို့သည် မိမိတိုင်းပြည်သို့ပြန်လာနိုင်ရန်အခွင့်ရခဲ့သည်။ ပျက်စီးနေသောဂျေရုဆလင်မြို့ရိုး နှင့်ဗိမာန်တော်ကိုပြန်လည်တည်ဆောက်နိုင်ခဲ့သည်။ ဤသည်ဒုတိယဟေရှာယ၏နောက်ခံသမိုင်းအကျဉ်းဖြစ်သည်။

## ဟေရှာယ ၄၀ တည်ဆောက်ပုံ

ဟေရှာယအနာဂတ္တိကျမ်းအခန်းကြီး ၄၀ သည်စာပေရသအမျိုးအစားအားဖြင့် **ကဗျာ** ဖြစ်သည်။ ဟေဗြဲကဗျာ တည်ဆောက်ပုံအရ၊ အထူးမီးမောင်းထိုးလိုသောအကြောင်း အရာများကို ထပ်ခါတလဲလဲဖော်ပြသည်ကိုတွေ့ရသည်။ (Deutero Isaiah- ၄၀-၅၅) ၏အဆက်ဖြစ်သော ၄၁-၅၅ ကိုဆက်လက်ဖတ်ရှုပါက ပို၍ရှင်းလင်းပြေပြင်သော ကဗျာဆရာ၏ ဆန္ဒမွန်ကို ခံစားကြမည်ဖြစ်သည်။

ဟေရှာယအနာဂတ္တိကျမ်း အခန်းကြီး ၄၀ ၏ တည်ဆောက်ပုံကို နှစ်ပိုင်းခွဲခြားလေ့လာ နိုင်သည်။ ၄၀း၁-၁၇ သည် **တစ်ခေတ်ဆန်းတော့မည်။ နှစ်သိမ့်ကြလော။** ဟုခေါ် ဖိတ်သောအသံဖြစ်သည်။ အောက်တွင်ဖော်ပြသည့်အတိုင်း ကဗျာပိုဒ်ငယ် (၆) ခုပြန်ခွဲ နိုင်သည်။ ထိုနည်းတူ ၄၀း၁၈-၃၁ သည် **တစ်ခေတ်ဆန်းနေပြီ။ သံသယစိတ်တွေ ဘေးဖယ်ကြလော။** ဟု ခေါ်ဖိတ်သောကဗျာဖြစ်သည်။ ကဗျာပိုဒ်ငယ် (၄) ခုပြန်ခွဲနိုင်သည်

**တစ်ခေတ်ဆန်းတော့မည်။ နှစ်သိမ့်ကြလော။**

၁။ ၄၀း၁-၂ . . . ငါ၏လူတို့ နှစ်သိမ့်ကြလော။

၂။ ၄၀း၃-၅ . . . နှစ်လုံးခပ်သိမ်းနေရာပြင်ထား

၃။ ၄၀း၆-၈ . . . မြက်စိမ်းအလားအိုလူသား

၄။ ၄၀း၉-၁၁ . . . လောကဝမ်းမြောက်ဘုရားကြွလာ

၅။ ၄၀း၁၂-၁၄ . . . အနှိုင်းမဲ့ဘုရင်ဖန်ဆင်းရှင်

၆။ ၄၀း၁၅-၁၇ . . . အနတ္တသက်သက် လူ့အသက်

**တစ်ခေတ်ဆန်းနေပြီ။ သံသယစိတ်တွေဘေးဖယ်ကြလော။**

၇။ ၄၀း၁၈-၂၀ . . . အဘယ်သူနှင့်နှိုင်းယှဉ်မည်နည်း။

**သက်မဲ့ရုပ်တု၊ တို့မမူ**

၈။ ၄၀း၂၁-၂၄ . . . မသိကြသလော၊မကြားဘူးကြပါသလော။

**သမိုင်းအရှင် ထာဝရဘုရားသခင်**

၉။ ၄၀း၂၅-၂၇ . . . အဘယ်သူနှင့်နှိုင်းယှဉ်ပါမည်နည်း။

**ထာဝရဘုရားလက်ရာ ကြယ်တာရာ**

၁၀။ ၄၀း၂၈-၃၁ . . . မသိကြသလော၊မကြားဘူးကြပါသလော။

**ပြည့်စေခွန်အား၊ ရှင်ထာဝရဘုရား**

## ဟေရှာယ ၄၀ ကိုခေါင်းစဉ်အလိုက်လေ့လာခြင်း

အထက်ဖေါ်ပြပါကဗျာတည်ဆောက်ပုံခေါင်းစဉ်များကိုအခြေခံပြီး ဟေရှာယ ၄၀ တစ်ခန်းလုံးကို ဆက်လက်လေ့လာကြပါစို့။ ကျမ်းပိုဒ်တွင်ပါရှိသောအချက်အလက် များကိုပို၍သိသာမြင်သာနိုင်ရန် နံပါတ်များပေး၍လည်းကောင်း၊ သိသာထင်ရှားသော ကဗျာတည်ဆောက်ပုံများကိုမြန်မာအက္ခရာဖြင့်ဌင်းဖေါ်ပြထားသည်။

## ၁။ ငါ၏လူတို့၊ နှစ်သိမ့်ကြလော (၄၀း၁–၂)

ဤပထမစာကြောင်းသည်ဒုတိယဟေရှာယ (၄၀-၅၅) ၏နိဒါန်းဖြစ်သည်။

၄၀း၁ **သင်တို့၏ဘုရားသခင်မိန့်တော်မူသည်ကား၊ ငါ၏လူတို့ကိုနှစ်သိမ့်စေကြလော့။ နှစ်သိမ့်စေကြလော့။**

(က) ၂ **စစ်မှုကိုထမ်းရသောအချိန်စေ့ပြီ။**

(ခ) **သင်၏အပြစ်လည်းဖြေရှင်းပြီ။**

**အကြောင်းမူကား၊ ထာဝရဘုရား၏လက်တော်၌မိမိအပြစ်အတွက်နှစ်ဆခံရပြီ။**

အစ္စရေးလူမျိုးတို့သည် သူတို့၏အပြစ်ကြောင့် ဆင်းရဲဒုက္ခခံရသည်ဟုယူဆကြသည်။ စစ်တိုက်ခြင်း၊ စစ်မှုထမ်းရခြင်းတို့သည် ဘုရားကိုပြစ်မှားခဲ့သောအပြစ်ကြွေးပြန်ဆပ် ရခြင်းဖြစ်သည်ဟုခံယူကြသည်။ မိမိမကောင်းမှုကြောင့် စစ်ရှုံးပြီး၊ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည်၊ တိုင်းခြားစစ်သားများ၏မတရားနှိပ်စက်ခြင်း၊ လူမဆန်စွာဆက်ဆံခြင်းခံရသည်ဟုယုံကြည်ကြသည်။

ထို့ကြောင့် ပရောဖက်ဟေရှာယ ကြွေးကြော်ခဲ့သည်မှာ အစ္စရေးလူမျိုးတို့၏အပြစ်ကြောင့် ခက်ခဲသောအချိန်စေ့ပါပြီ။ အပြစ်၏အခဖြေရှင်းပြီးဖြစ်နေပါပြီ။ "အပြစ်ဒါဏ် နှစ်ဆခံရသည်၊အပြည့်အဝဆပ်ခဲ့ပြီ"။ စစ်မှုထမ်းရသောအချိန်ကာလ ပြည့်ပြီဖြစ်သော ကြောင့် နှစ်သိမ့်ကြရန်ဖြစ်သည် (၂၈း၁၂၊ ၄၉း၁၃)။ ဟေဗြဲစကား "နှစ်သိမ့်" ကို ဓမ္မဟောင်းကျမ်းတွင် ၁၀၈ ကြိမ်တွေ့ရသည်။ LXX က Parakaleite ဟု ဘာသာ ပြန်သည်။ ယောဟန် ၁၄း၁၆၊ ၁၅း၂၆၊ ၁၆း၇ တွင်ပါရှိ သော ဥပဇ္ဈာယ်ဆရာ (ယုဒသန်မှု) သို့မဟုတ် မစတော်မူသောအရှင် (ခေတ်သုံးမှု) နှင့်ဆိုလိုရင်းအတူတူ ဖြစ်သည်။ ရင်နှင့်စွာငိုကြွေးမြည်တမ်းခဲ့ရာမှ ကြေနပ်ခြင်း၊ စိတ်သက်သာရာရောက်ခြင်းကိုဆိုလိုသည်။

## ၂။ နှလုံးခပ်သိမ်း၊ နေရာပြင်ထား (၄၀း၃–၅)

၄၀း၃ **တော၌ဟစ်ကြော်သောသူ၏အသံမှာ၊**

(၁) **ထာဝရဘုရားကြွတော်မူရာလမ်းကို ပြင်ကြလော့။**

(၂) **ငါတို့ဘုရားသခင်၏လမ်းခရီးတော်ကိုလွင်ပြင်၌ဖြောင့်စေ ကြလော့။**

(၃) ၄ **ချိုင့်ဝှမ်းရာရှိသမျှတို့ကို ဖို့ရမည်။**

(၄) **တောင်ကြီးတောင်ငယ်ရှိသမျှတို့ကိုဖြို့ရမည်။**

(၅) **ကောက်သောလမ်းများကိုဖြောင့်စေရမည်။**

(၆) **ကြမ်းတမ်းသောလမ်းများကိုလည်းသုတ်သင်ပြင်ဆင်ရမည်။**

[၅] **ထာဝရဘုရား၏ဘုန်းတော်ပေါ်ထွန်း၍၊ လူအပေါင်းတို့သည်အတူမြင်ရကြလတံ့ဟု ထာဝရဘုရား၏ နှုတ်တော်ထွက်အမိန့်တော်ရှိ၏။**

တောကန္တာရဟူသည်မှာ မျှော်လင့်စရာလုံးဝမရှိသောနေရာဖြစ်သည်။ ထိုနေရာမှဟစ် ကြွေးသောသောအသံ (မသဲ ၃း၃၊ မာ ၁း၃) သည်၊ ပြောင်းလဲလာမည့်ခေတ်သစ်ကိုလှမ်းမြင်ကာမျှော်လင့်ခြင်းရောင်ခြည်ကို ရှေ့ပြေးကြော်ငြာခြင်းဖြစ်သည်။

ရှေးရှင်ဘုရင်များ တိုင်းခန်းလှည့်လည်မည့်အချိန်တွင်တိုင်းသူပြည်သားများက ရှင်ဘုရင်ဖြတ်သွားမည့်လမ်းများ ပြင်ဆင်လေ့ရှိသည်။ လမ်းခရီးများဖြောင့်စေခြင်း၊ ချိုင့်ဝှမ်းများဖို့ခြင်း၊ တောင်ကြီးများဖြို့ခြင်း၊ ကောက်သောလမ်းများ ဖြောင့်စေပြီး၊ ကြမ်းတမ်းသော လမ်း များ သုတ်သင်ပြင်ဆင်ခြင်းများလုပ်ရပါသည်။

ထိုကဲ့သို့ ထာဝရဘုရားစီစဉ်ပေးသော ခေတ်သစ်အတွက်စိတ်နှလုံးပြင်ဆင်ရန်ဖြစ်သည်။ ထိုခေတ်သစ်သည် လူတိုင်းအတွက်ဖြစ်ရမည်။ လူတိုင်းသည်အတိုးခံစားရပါမည်။ ဤကြွေးကြော်သံကို သခင်ယေရှုကြွလာမည့်အချိန် တွင် ဗတ္တိဇံဆရာယောဟန်က ပြန်လည်ကြွေးကြော်ခဲ့သည် (လုကာ ၃း၄-၆)။

## ၃။ မြက်စိမ်းအလား၊ အိုလူသား (၄၀း၆–၈)

[၄၀း၆] **တဖန်ထိုအသံက၊ ဟစ်ကြော်လော့ဟုဆိုလျှင်ငါက၊ အဘယ်အရာကိုဟစ်ကြော် ရမည်နည်းဟုမေးသော်၊**

**(က) လူမျိုးရှိသမျှသည်မြက်ပင်ဖြစ်၏။ လူမျိုး၏ဘုန်းရှိသမျှသည်လည်း တော အပွင့်ကဲ့သို့ဖြစ်၏။**

[၇] **ထာဝရဘုရား၏လေတိုက်သောအခါ၊**

**(ခ) မြက်ပင်သည်ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်းကြွေတတ်၏။**

**(က) အကယ်စင်စစ် လူတို့သည် မြက်ပင်ဖြစ်ကြ၏။**

**(ခ)[၈]မြက်ပင်သည်ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်းကြွေတတ်၏။**

**ထာဝရဘုရား၏နှုတ်ကပတ်တရားမူကား၊ ကာလစဉ်အမြဲတည်၏ဟုဆိုသတည်း။**

ဤကျမ်းပိုဒ်ကို ဓမ္မသစ်ကျမ်းရှိ ယာ ၁း၁၀-၁၁၊ ၁ပေ ၁း၂၄-၂၅ တို့တွင်ပြန်ကိုးကား ထားပါသည်။ "အသံ" ဟူသောအသုံးအနှုန်းသည် သုခမိန်ကျမ်း (Wisdom Literature) အသုံးအနှုန်းဖြစ်သည်။ မှန်ကန်သောသစ္စာ တရားကို လူတိုင်းကြားသိနိုင်ရန်အတွက်ကြော်ငြာခြင်းကို တင်စားသောအားဖြင့် "အသံ" ဟုအသုံးပြုခြင်း ဖစ်သည်။

ဤကျမ်းပိုဒ်တွင် "ထာဝရ" ဖြစ်သောဘုရားသခင်နှင့် "သခ်ီရ" ဖြစ်သောလူသားတို့၏ လုံးဝခြားနားသော အခြေအနေကိုဖော်ပြသည်။ မတည်မြဲသောလူ့ဘဝကိုမြက် (စိမ်း) ပင်ကဲ့သို့တင်စားသည်။ (ဆာ ၉၀း၂၊ ၁၀၃း၁၄၊ ယောဘ ၄း၁၉၊ ဟေ ၃၄း၄-၈)။ လူသားများ၏သစ္စာတရားနှင့်ဘုန်းတန်ခိုးကိုလည်း လှပသောတောပန်းပွင့် ကဲ့သို့တင်စားသည်။ ရေးသားထားသောအကြောင်းအရာများ ထပ်ကာထပ်ကာရေးသားခြင်းသည် ကဗျာ၏တည် ဆောက်ပုံဖြစ်သည်။

ပထဝီနေအထားအရ အစ္စရေးနိုင်ငံ၏အရှေ့ဘက်တွင် အလွန်ကျယ်ပြန့်သော **အာရဗီယန်သဲကန္တာရ**-Arabian Desert (သို့မဟုတ်) **အရှေ့သဲကန္တာရ - Eastern Desert** တည်ရှိသည်။ သဘာဝအလျောက် အရှေ့သဲကန္တာရဘက်မှလေပြင်း တိုက်ခတ် လေ့ရှိသည်။ ထိုလေပြင်းကို အစ္စရေးတို့က **"ဘုရားသခင်၏လေ"** သို့မဟုတ် **"အရှေ့ လေ"** ဟု ခေါ်ကြသည် (ဆာ ၁၀၃း၁၆၊ ယေ ၄း၁၁၊ ယေဇ ၁၇း၁၀၊ လု ၁၂း၅၅)။

ထိုအရှေ့သဲကန္တာရဘက်မှတိုက်ခတ်သောလေသည် ခြောက်သွေ့၍အလွန်ပူနွေးသောကြောင့်စိမ်းလန်းသောမြက်ပင်နှင့်လှပသောပန်းပွင့်များကမခံနိုင်ကြချေ။ ညှိုးနွမ်းသွားကြသည်။ ခြောက်သွေ့သွားကြသည်။

ကြမ်းတမ်းခက်ထန်လှသောနာဂစ်မုန်တိုင်းကြောင့် လူတို့၏ နေအိမ်၊ လယ်မြေ၊ ရွှေငွေ၊ ကျွဲနွားများနှင့် အသက်ကို ပင်လျှင်တစ်ညချင်းတွင်လွင့်ပါးပျောက်ကွယ် သွားသကဲ့သို့ဖြစ်သည်။ လူသားနှင့်လူသားတို့၏ဝါကြွားစရာရှိသမျှသည် တဒင်္ဂအတွက်သာဖြစ်သည်။ မတည်မြဲပါ။

သို့သော် ထာဝရဘုရား၏နှုတ်ကပတ်တော်သည်အစဉ်အမြဲတည်ရှိသည်။ ယေရှုက **"ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း၊ ငါ့စကားသည်တည်လိမ့်မည်"** (မာ ၁၃း၃၁) ဟုမြွက်ဆိုခဲ့သည်။ ၁ပေ ၁း၂၃ တွင် "အဘယ်ကြောင့်ဆိုသော် သင်တို့သည် သေခြင်းတရားနှင့်ကင်းသောနိစ္စထာဝရအရှင်၏သားသမီးများဖြစ်ကြပြီး၊ အသက်ရှင်၍ **ထာဝရအစဉ်တည်တော်မူသောနှုတ်ကပတ်တော်အားဖြင့်** တစ်ဖန်မွေးဖွားသူများဖြစ်ကြ၏" ဟုဆိုထားပါသည်။

လူသားများသည်သခ်ါရ၊ ဘုရားသခင်သည်အစဉ်ထာဝရပင်ဖြစ်ပါသည်။ လူသားများဟူသည်တဒင်္ဂအတွင်းညှိုးနွမ်းခြောက်သွေ့တတ်သော မြက်ပင်နှင့်တူနေပါသည်။

## ၄။ လောကဝမ်းမြောက် ဘုရားကြွလာ (၄၀း၉–၁၁)

(က) [၄၀း၉] **ဇိအုန်တောင်သို့ ဝမ်းမြောက်စရာသိတင်းကို ဆောင်ခဲ့သောသူ၊**

(ခ) **မြင့်သောတောင်ပေါ်သို့တက်လော။**

(က) **ယေရုရှလင်မြို့သို့ ဝမ်းမြောက်စရာသိတင်းကို ဆောင်ခဲ့သောသူ၊**

(ခ) **ကျယ်သောအသံကိုလွှင့်လော့။ မစိုးရိမ်ဘဲ အသံကိုလွှင့်လော့။**

**သင်တို့၏ဘုရားသခင်ကို ကြည့်ရှုကြဟု ယုဒမြို့ရွာတို့အားပြောလော့။**

အထက်ကဖေါ်ပြပြီးဖြစ်သော ၄၀း၃-၅ တွင်ကြွလာမည့်ဘုရားသခင်အတွက်နှလုံး ခပ်သိမ်းနေရာပြင်ထားရန်တိုက်တွန်းထားသည်။ ယခု ၄၀း၉-၁၀ သည် "ဘုရားသခင် ကြွလာပြီ၊ ကြည့်ရှုကြပါ" ဟုခေါ်ပြထားသည်။ (ဟေ ၅၂း၇-၁၀၊ ၄၁း၂၇၊ ၄၃း၁၅၊ ၄၄း၆)။ တစ်ကြိမ်တစ်ခါတုန်းက ယေဘု(စ်) - Jebus လူမျိုးများနေထိုင်ခဲ့သော ဇိအုန်တောင်ကိုရှင်ဘုရင်ဒါဝိဒ်မင်းသိမ်းပိုက်ကာ၊ ထိုတောင်ပေါ်တွင်ရှိသော ဂျေရုဆလင်မြို့မှအစ္စရေးလူမျိုးများအုပ်စိုးခဲ့ရာမှစ၍ နောင်တွင် "ဇိအုန်တောင်" နှင့် "ဂျေရုဆလင်မြို့" သည် အစ္စရေးလူမျိုးများ ကိုယ်စားပြုသောအမှတ်သင်္ကေတဖြစ်လာခဲ့သည်။ ထို့ကြောင့် "ဇိအုန်တောင်သို့" "ဂျေရုဆလင်မြို့သို့" ဟုကဗျာပုံစံဖြင့် ပြန်ပြန်လိပ်မူရာတွင် အစ္စရေးလူမျိုးအားလုံးကိုလိပ်မူခြင်းဖြစ်သည်။ ဘုရားသခင်၏သားသမီးများသည်မြင့်သော တောင်ပေါ်သို့တက်ပြီး၊ ကြောက်စိတ်ကင်းသောသတ္တိနှင့်ကျယ်သောအသံလွှင့်ရန်ဖြစ်သည်။

## အုပ်စိုးသောအရှင် သိုးထိန်းသခင် (၄၀း၁၀–၁၁)

[၁၀] **ကြည့်ရှုလော့။ အရှင်ထာဝရဘုရားသည်၊ ကြီးသောတန်ခိုးနှင့် ကြွလာ၍၊**

(၁) **လက်ရုံးတော်အားဖြင့်အစိုးရတော်မူလိမ့်မည်။**

(၂) **မိမိခံတော်မူထိုက်သောအခမိမိဥ္စာပါလျှက်၊ဆုလပ်တော်သည်ရှေ့တော်၌ရှိ၏ ။**

(၃) [၄၀:၁၁] **မိမိသိုးစုကိုသိုးထိန်းကဲ့သို့ကျွေးမွေးတော်မူမည်။**

(၄) **သိုးသငယ်တို့ကိုချီ၍ပိုက်ပွေ့တော်မူမည်။**

(၅) **သားငယ်ရှိသောသိုးမတို့ကိုလည်းဖြည်းညှင်းစွာပို့ဆောင်တော်မူမည်။**

ဘုရားသခင်အမှန်တကယ်ကြွလာသောအခါ၊ အထက်ပါအချက် (၅) ချက်ရှိသမျှတို့ကိုအကောင်အထည်ဖော်လာပါမည်။ ထိုသူသည်အုပ်စိုးခြင်းအာဏာရှိပြီး၊ ပြည်သူပြည်သားများခံထိုက်သောအဖိုးအခနှင့် ဆုလဒ်များယူဆောင်လာပါမည်။ (ကမ္ဘာ ၁၄း၂၂-၂၄၊ ယေ ၃၁း၁၅၊ ယေဇ ၂၉း၁၈-၂၀)။

အရှေ့အလယ်ပိုင်းဒေသရှိရှေးလူမျိုးများသည် ရှင်ဘုရင်များကို “သိုးထိန်း”ဟုခေါ်ကြ သည်။ ဓမ္မဟောင်းခေတ်အစ္စရေးတို့သည် ထာဝရဘုရားကိုရှင်ဘုရင်၊ အုပ်စိုးသူ၊ အုပ်ထိန်းသူ၊ ကျွေးမွေးသူ၊ ယုယဆောင်မသူ၊ လမ်းပြပို့ဆောင်သူအဖြစ်ခံယူ နားလည် ကြသည် (ဟေ ၃၁း၄၊ ယေဇ ၂၅း၃၄၊ ၃၄း၁၅၊ လု ၁၅း၄-၇၊ ယော ၁၀း၁၁-၁၆)။ ရှင်ဘုရင်ကလည်း တိုင်းသူပြည်သားတို့၏ အားမသန်မှု၊ အထီးကျန်မှုနှင့် ခိုကိုးရာမဲ့မှု တို့ကိုအမြဲသိမှတ်သည်။ ထာဝရဘုရားသည် ငါတို့ကိုကယ်တင်လမ်းပြသောအရှင်ဖြစ်သည်။ ထို့ကြောင့်နှစ်သိမ့်ကြလော ဟုကြွေးကြော်ခြင်းဖြစ်သည်။

## ၅။ အနှိုင်းမဲ့ဘုရင် ဖန်ဆင်းရှင် (၄၀း၁၂–၁၄)

(၁) [၄၀:၁၂] ရေများကို လက်ဆွန်းဖြင့်ခြင်သောသူ၊

(၂) မိုဃ်းကောင်းကင်ကို မိမိလက်ဖြင့်ထွာသောသူ၊

(၃) မြေမှုန့်ကို တင်းတောင်းဖြင့် ချင့်တွက်သောသူ၊

(၄) တောင်ကြီးကို ချိန်ခွင်ဖြင့်ဍင်း၊

(၅) တောင်ငယ်ကိုကပ်ပယ်ဖြင့်ဍင်း၊ချိန်သောသူကားအဘယ်သူနည်း။

ဗါဗုလုန်တို့သည် Malduk နှင့် Tiamat တိုက်ခိုက်ကြရာမှ ဖန်ဆင်းခြင်းအစဖြစ်ပေါ်လာသည်ဟုယုံကြည်ကြသည်။ ထို့ကြောင့် ဗါဗုလုန်တွင်ကြီးပြင်းလာသော အစ္စရေး မျိုးဆက်သစ်များသည် အရာခပ်သိမ်းကိုဖန်ဆင်းသောထာဝရဘုရားဖြစ်ကြောင်း သံသယရှိလာကြသည်။ (သမုဒ္ဒရာ) ရေ၊ မိုးကောင်းကင်၊ မြေမှုန့်၊ တောင်ကြီးတောင်ငယ်များကို ဖန်ဆင်းပိုင်ဆိုင်သောသူမည်သူနည်းဟုမေးထားသည်။ မသိသောကြောင့် မေး သောမေးခွန်းမဟုတ်ပါ။ ၄၅း၁၈ တွင်ဖေါ်ပြထားသည်မှာ၊ “မိုးကောင်းကင်ကိုဖန်ဆင်းတော်မူသောထာဝရဘုရား၊ မြေကြီးကိုပြုပြင်ဖန်ဆင်း၍အမြဲတည်တော်မူသောအရှင်၊ … ” ဟုအဖြေပေးထားပါသည်။

## မည်သူနှင့် ဖန်ဆင်းသလဲ

(၆) [၄၀:၁၃] ထာဝရဘုရား၏ ဝိညာဉ်ကို အဘယ်သူ စစ်ကြောသနည်း။

(၇) ထိုဘုရားနှင့်တိုင်ပင်၍၊

(၈) အဘယ်သူသည် အကြံပေးသနည်း။

(၉) [၁၄] အဘယ်သူနှင့်တိုင်ပင်တော်မူသနည်း။

(၁၀) ထိုဘုရားကို အဘယ်သူ သွန်သင်သနည်း။

(၁၁) ထိုဘုရားအား တရားလမ်းကို ပြသောသူ၊

(၁၂) ပညာနည်းကို ပေးသောသူ၊

(၁၃) ဉာဏ်လမ်းကို ညွှန်သောသူကား အဘယ်သူနည်း။

တစ်ဆူတည်းသော ထာဝရဘုရားသည် သဗ္ဗညုတညာဏ်တော်ပိုင်ရှင်ဘုရားဖြစ်သည်။ ထိုထာဝရဘုရားသည် အကြံပေးရန်မလိုပါ။ လမ်းညွှန်မည့်သူလည်းမလိုအပ်ပါ။

## ၆။ အနတ္တသက်သက် လူ့အသက် (၄၀း၁၅–၁၇)

(၁) [၄၀း၁၅] လူအမျိုးမျိုးတို့သည်

(က) ရေပုံးမှကျသော ရေစက်ကဲ့သို့ ဖြစ်၍၊

(ခ) ချိန်ခွင်၌ မြူမှုန်ကဲ့သို့ ထင်မှတ်စရာရှိ၏။

(၂) ကျွန်းတို့သည်လည်း၊ လွင့်တတ်သော အဏုမြူကဲ့သို့ဖြစ်ကြ၏။

(၃) [၁၆] လေဗနုန်တောသည် မီးမွေးဘို့မလောက်။

(၄) ထိုတော၌ရှိသော တိရစ္ဆာန်တို့သည်လည်း၊ မီးရှို့ရာယဇ်ဘို့ မလောက်။

(၅) [၁၇] ခပ်သိမ်းသော လူအမျိုးမျိုးတို့သည်

(က) အဘယ်မျှမဟုတ်သကဲ့သို့ရှေ့တော်၌ ဖြစ်ကြ၏။

(ခ) အဘယ်မျှမဟုတ်သောအရာထက် သာ၍ငယ်သကဲ့သို့၄င်း၊

(ဂ) အနတ္တကဲ့သို့၄င်းမှတ်တော်မူ၏။

ဘုရားသခင်၏အနှိုင်းမဲ့ တန်ခိုးနှင့်ဆန့်ကျင်ပြီး (၄၀း ၆-၈) မှာကဲ့သို့လူသားတို့၏ သိမ်ငယ်မှုကိုပြန်လည်ဖေါ်ပြထားပါသည်။ လူ့ဘဝသည်မပြောပလောက်သောရေစက်၊ သေးငယ်သောမြေမှုန်ကဲ့သို့ဖြစ်သည်။ ကျွန်း၊ တော၊ တိရစ္ဆာန်အစရှိသောအရာအားလုံးသည်လည်း ဘုရားသခင်ရှေ့တော်၌မပြောပလောက်ပေ။ ဘာမျှမဟုတ်သောအရာထက်သေးငယ်သေး၏။ လူသားတို့သည်အနတ္တသက်သက်ဖြစ်၍ ဘုရားမပါသောလူ့ဘဝသည် အချည်းနှီးဖြစ်ပါသည်။ အမှန်တစ်ကယ်ပင်သုညဘဝဖြစ်ပါသည်။

## သံသယနှလုံးသား

ဆင်းရဲဒုက္ခရင်ဆိုင်သောအခါ မည်သူမဆိုညီးတွားတတ်ကြသည်။ ဘာကြောင့်လဲ။ ဘုရားသခင်မရှိဘူးလား။ ဘုရားသခင် မသိဘူးလား။ ဘုရားသခင်မတတ်နိုင်ဘူး လား။ ဘဝတိုက်ပွဲတွင်ခြေကုန်လက်ပန်းကျရသောအခါ၊ လူသားတို့သည်ပူစွာ အမျိုးမျိုးထုတ် တတ်ကြသည်။

[၄၀း၂၇] **အိုယာကုပ်အမျိုး၊ သင်သွားသောလမ်းကိုထာဝရဘုရားသိတော်မမူဟု**
**အဘယ်ကြောင့်ပြောသနည်း။**
**အို ဣသရေလအမျိုး၊ သင့်အမှုကိုသင်၏ဘုရားသခင်မှတ်တော်မမူဟု**
**အဘယ်ကြောင့်ဆိုရသနည်း။**

အစ္စရေးလူမျိုးတို့၏သံသယစိတ်သည် ဟေရှာယအနာဂတိကျမ်းရေးရခြင်း၏ အဓိက အကြောင်းရင်းတစ်ခုဖြစ်သည်။ ထိုသို့သံသယဖြစ်ရခြင်းအကြောင်းရင်းမှာဗါဗုလုန်တို့၏ အံ့ဩဘွယ်တိုးတက်သောယဉ်ကျေးမှုနှင့် ဆွဲဆောင်မှုရှိသော ကိုးကွယ်မှုတို့၏ လွှမ်းမိုးမှုကြောင့်ဖြစ်သည်။ တိုင်းတစ်ပါးတို့၏ဖိနှိပ်အုပ်ချုပ်မှုအောက်တွင်ပြားပြားနေ ရခြင်းကြောင့် ထိုတိုင်းတစ်ပါးတို့ကိုးကွယ်သောဘုရားသည် ပို၍တန်ခိုးကြီးသည် ဟု ခံယူကြသည်။ မိမိကိုးကွယ်သောဘုရားသည် ပို၍တန်ခိုးနည်းသည်ဟုခံယူကြသည်။

## ၇။ သက်မဲ့ရုပ်တု၊ တို့မမှု (၄၀း၁၈–၂၀)

[၄၀း၁၈] **သို့ဖြစ်၍၊ ဘုရားသခင်ကိုအဘယ်သို့ပုံပြရအံ့နည်း။**
**ဘုရားသခင်နှင့်အဘယ်မည် သော ပုံသဏ္ဍာန်တူသည်ဟုဆိုရအံ့နည်း။**

(က) [၁၉] ပန်းတဉ်းသမားသည် ရုပ်တုကိုသွန်းပြီးမှ၊

(ခ) ပန်းထိမ်သမားသည် ရွှေနှင့်မွမ်းမံ ၍၊ ငွေကြိုးကိုလည်း လုပ်တတ်၏။

(ဂ) [၂၀] အဘိုးထိုက်သော အလှူကိုမလှူနိုင်သောသူသည်၊ မဆွေးမြေ့တတ်သော သစ်သားကိုရွေးကောက်ပြီးမှ၊ မြဲမြံသောရုပ်တုကိုလုပ်စေခြင်းငှါ၊ လိမ္မာသောလက်သမားကိုရှာတတ်၏။

အစ္စရေးလူမျိုးတို့၏နှလုံးသားထဲတွင် "ရုပ်တု" နှင့် "ဘုရားသခင်" နှိုင်းယှဉ်ရဲသောသံသယစိတ်ရှိကြသည်။ ထို့ကြောင့် ဟေရှာယသည် ပန်းတဉ်း၊ ပန်းတိမ်၊ လက်သမားများသည် အနတ္တသက်သက်ဖြစ်သောလူသားများ ဖြစ်ကြကြောင်း၊ ထိုသူတို့သည် ရွှေ၊ ငွေ၊ သစ်သားများဖြင့်ရုပ်တုများထုလုပ်ကြကြောင်း၊ သူတို့၏လက်ထွက် ဖြစ်သော သက်မဲ့ရုပ်တုတို့သည် အမှန်တကယ်အားကိုးမထိုက်၊ ကိုးကွယ်မထိုက်ကြောင်းဖော်ပြထားပါသည်။ ထာဝရဘုရားသည် ထိုရုပ်တုများနှင့်နှိုင်းစရာမဟုတ်ပါ (၁း၂၉-၃၁၊ ၂း၇-၉၊ ၂း၁၈-၁၉၊ ၄၂း၁၇၊ ၄၅း၁၆-၂၀၊ ၄၆း၁-၂၊ တမန် ၁၇း၂၉၊ ဆာ ၁၁၅း၃-၁၀၊ ဟေရှာ ၄၆း၅၆)။ အတုမရှိ၊ အတူမရှိ၊ အနှိုင်းမဲ့ဘုရားဖြစ်ပါသည်။

## ၈။ သမိုင်းအရှင် ထာဝရဘုရားသခင် (၄၀း၂၁–၂၄)

[၄၀း၂၁] သင်တို့သည် မသိကြသလော။ မကြားကြသလော။ ရှေ့ဦးစွာမှစ၍သင်တို့အား မဘော်မပြသလော။ မြေကြီးတည်သည်အကြောင်းကို နားမလည် ကြသလော။

(၁) [၂၂] မြေကြီးစက်အပေါ်မှာထိုင်၍၊ မြေကြီးသားတို့ကို နှံကောင်ကဲ့သို့မှတ်တော် မူထသော၊

(၂) မိုဃ်းကောင်းကင်ကို မျက်နှာကြက်ကဲ့သို့ကြက်၍၊ နေစရာတဲကဲ့သို့ဖြန့်တော် မူထသော၊

(၃) [၂၃] မင်းတို့ကိုရှုတ်ချ၍၊ မြေကြီးတရားသူကြီးတို့ကိုအနတ္တကဲ့သို့ဖြစ်စေတော်မူ သောသူပေတည်း။

(၁) [၂၄] အကယ်စင်စစ်သူတို့ကို မစိုက်မပျိုးရ။

(၂) အကယ်စင်စစ် သူတို့၏မျိုးစေ့ကိုမကြဲရ။

(၃) အကယ်စင်စစ်သူတို့အပင်သည် မြေ၌အမြစ်မစွဲရ။

သူတို့အပေါ်မှာမှုတ်တော်မူသဖြင့်၊ သူတို့သည်ညှိုးနွမ်းသွေ့ခြောက်၍၊ လေဘွေသည် သူတို့ကိုဖွဲကဲ့သို့ တိုက်လွှင့်လိမ့်မည်။

ထာဝရဘုရားရှေ့မှောက်တွင် လူသားတို့သည်နှံ့ကောင် (ပုရွက်ဆိတ်) ကဲ့သို့၊ မိုး ကောင်းကင်သည်တဲမျက်နာကြက်ကဲ့သို့ဖြစ်၏ (ဆာ၁၉း၄၊ ၄၂း၅၊၄၄း၂၄၊ ၅၁း၁၃၊ ယောဘ ၂၂း၁၄)။ အုပ်ချုပ်သူများ၊ တရားစီရင်သူများအပေါ်တွင် စီရင်ပိုင်ခွင့်ရှိတော်မူ ၏ (ယောဘ ၁၂း၁၇-၂၁၊ ဟေ ၂း၂၂၊ ဒံ ၂း၂၁)။ ထိုသူတို့သည်စိုက်ပျိုး၍ အမြစ်စွဲကာစ၊ အပင်ငယ်နှင့်တူသည် (ခေတ်သုံး)။ လေဘွေတိုက်လာသောအခါ ခြောက်သွေ့ကာ၊ ဖွဲကဲ့သို့လွှင့်စင်တတ်ကြသည်။

## ၉။ အနှိုင်းမဲ့ထာဝရဘုရား ၄၀း၂၅–၂၇

[၄၀း၂၅] သို့ဖြစ်၍၊ ငါ့ကိုအဘယ်သို့ပုံပြရအံ့နည်း။ ငါသည်အဘယ်သူနှင့်တူရအံ့နည်းဟု သန့်ရှင်းသောဘုရားမေးတော်မူ၏။

(၁) [၂၆] အထက်သို့မျှော်ကြည့်ကြလော့။ ထိုအရာတို့ကိုအဘယ်သူဖန်ဆင်းသနည်း။

(၂) ထိုသူသည်သူတို့အလုံးအရင်းကိုအရေအတွက်အားဖြင့်ထုတ်ဆောင်တော်မူ၏။

(၃) အလုံးစုံတို့ကိုနာမည်ဖြင့်ခေါ်တော်မူ၏။

(၄) ခွန်အားကြီး၍တန်ခိုးနှင့်ပြည့်စုံတော်မူသောကြောင့်၊ တစုံတခုမျှမပေါ်ဘဲမ နေရ။

အစ္စရေးလူမျိုးအများစုတို့သည် ဗါဗုလုန်တို့ကိုးကွယ်သောနက္ခတ်ကြယ်များကိုအထင်ကြီးခဲ့ကြသည်။ အစ္စရေးလူမျိုးတို့ကိုးကွယ်သော ထာဝရဘုရားသခင်သည်၊ ထိုများပြားလှ သောနက္ခတ်ကြယ်များကို ဖန်ဆင်းသောအရှင်ဖြစ်သည်။ တစ်လုံးမကျန်နာမည်ဖြင့်ခေါ်၍ သိမှတ်တော်မူသောဘုရားရှင်ဖြစ်သည်။ ရှေးလူမျိုးများအတွက် "နာမည်" သည် **ဖြစ်တည်မှုအားလုံးကိုကိုယ်စားပြုသည်** ဟုယူဆကြသည်။ နာမည်ဖြင့်ခေါ်နိုင်သောသူသည် နာမည်ပိုင်ရှင်အပေါ်အစိုးရသူဟုခံယူကြသည်။ ထာဝရဘုရားသည် ဗါဗုလုန်တို့ကိုးကွယ်သော နက္ခတ်ကြယ်များကိုဖန်ဆင်းပြီး အစိုးရသောအနှိုင်းမဲ့ဘုရားဖြစ်သည်။

## ၁၀။ ခွန်အားပေးသောဘုရား၊ ထာဝရတည်မြဲသောဘုရား ၄၀း၂၈–၃၁

[၄၀း၂၈] ထာဝရဘုရားသည်

(၁) အစဉ်အမြဲ တည်တော်မူသော ဘုရားသခင်ဖြစ်ကြောင်းကိုဒင်း၊

(၂) မြေကြီးစွန်းတိုင်အောင် ဖန်ဆင်းတော်မူသောအရှင်ဖြစ်ကြောင်းကိုဒင်း၊

(၃) မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်းမရှိ၊

(၄) စစ်၍မကုန်နိုင်သောဉာဏ်နှင့်ပြည့်စုံတော်မူကြောင်းကိုဒင်း၊

သင်သည်မသိမကြားဘူးသလော။

(၅) [၂၉] ထိုဘုရားသည် မောသောသူတို့အား၊ ခွန်အားကိုပေးတော်မူ၏။

(၆) နွမ်းနယ်သောသူတို့အား၊အစွမ်းသတ္တိနှင့်ပြည့်စုံသောအခွင့်ကိုပေးတော်မူ၏။

[၃၀] လူပျိုတို့သည်မော၍ ပင်ပန်းခြင်းသို့ရောက်ကြလိမ့်မည်။ လုလင်တို့သည်လည်းထိမိ၍လဲကြလိမ့်မည်။ [၃၁] ထာဝရဘုရားကို မြော်လင့်သောသူတို့မူကား၊

(၁) အားပြည့်ကြလိမ့်မည်။

(၂) ရွှေလင်းတကဲ့သို့ မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်။

(၃) ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါ မမောရကြ။

ထာဝရဘုရားသည် လူသားများ၊ ရုပ်တုများ၊ နေလကြယ်များနှင့်နှိုင်းစရာမဟုတ်ပါ။ အစဉ်အမြဲတည်လျှက်၊ အရာခပ်သိမ်းကိုဖန်ဆင်းတော်မူသောအရှင်ဖြစ်သည်။စစ်၍မကုန်နိုင်သောဉာဏ်ပညာနှင့်ပြည့်စုံတော်မူ၏။ အားကုန်ခန်း၍မောပန်းခြင်းမရှိ။ ခွန်အား၊ အစွမ်းသတ္တိနှင့်ပြည့်စုံသောပျိုလူရွယ်တို့သည် (၃၈း၁၄၊ ၄၁း၁၄) ပင်လျှင်မောပန်းတတ်ကြသည်။ ထိမိ၍လဲတတ်ကြ၏။ သို့သော် ထာဝရဘုရားသည်မောပန်းနွမ်းနယ်နေသောသူများကို ခွန်အားနှင့်အစွမ်းသတ္တိ ပေးပိုင်သောအရှင်ဖြစ်သည်။

ရွှေလင်းတ (သို့မဟုတ်) လင်းယုန်နှင့်တင်စားခြင်းသည့် ဟေရှာယ၏ပြောင်မြောက်လှသောကဗျာအသုံးအနှုန်းဖြစ်သည်။ ရွှေလင်းတသည်ခွန်အားကြီးသည်။အဝေးသို့ပျံသန်းနိုင်သည်။ အမြင့်သို့ပျံတက်နိုင်သည်။ မြင့်လေလေကမ္ဘာ့ဆွဲအားနည်းလေလေဖြစ်သောကြောင့် အမောပြေလေလေ၊ ပို၍မြင့်တက်နိုင်လေလေဖြစ်သည်။ ပြေးရလွှားရသော လူ့ဘဝခရီးတွင်ထာဝရဘုရားကိုကိုးစားခြင်းသည်စစ်မှန်သောနှစ်သိမ့်ခြင်းနှင့် မောပန်းခြင်းကင်းသောခွန်အားဖြစ်ပါသည်။

## နိဂုံး

သေချာသောအရာဟူ၍ဘာတစ်ခုမှမရှိသောခေတ်ကာလကြီးတွင်၊အသေချာဆုံးသောအရာသည်မသေချာခြင်းပင်ဖြစ်သည်။ သို့သော်ထိုအခြေအနေမျိုးကြားတွင်ပင်မျှော်လင့် ခြင်းသည်အသက်ရှင်လျှက်ရှိသေး၏။ လောကကမပေးနိုင်သောနှစ်သိမ့်ခြင်းနှင့် ခွန်အားသည်အနိူင်းမဲ့ဘုရားရှင်ကိုမျှော်လင့်ကိုးစားသူများအား အမြဲဆီးကြိုနေပါသည် (၂ကော ၄း၈-၉၊ ၁၆။ ဟေ ၁၂း၃)။ ဆာလံဆရာက ထာဝရဘုရားသည် **အကျွန်ုပ်၏ခွန်အားဗလ** ဖြစ်သည်ဟုဖော်ပြသကဲ့သို့ (၁၈း၁၂) ရှင်ပေါလုကလည်း **ခရစ်တော်သည်ငါ့ကို ခွန်အားနှင့်ပြည့်စုံစေတော်မူ၏** (ဖိ ၄း၁၃) ဟုဆိုခဲ့သည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးသည့်နောက်ယုံကြည်သူများ၏နှလုံးသားကိုအချိန်မရွေးတို့ထိသော ချီးမွမ်းသီချင်းတစ်ပုဒ်မှာ **အတောင်အောက်မှာ** ဖြစ်ပါသည်။

အတောင်အောက်မှာ၊ ဝှက်ထားမူပါ။

စောင့်ထိန်းပါ၊ တန်ခိုးကြီးလက်တော်ဝယ်။

***ပင်လယ်လှိုင်းလုံးရယ်မိုးကြိုးထန်ချိန်၊ လေဟုန်စီးအဖနဲ့မုန်တိုင်းများထက်၊ ကိုယ်တော်အုပ်စိုးရှင်၊ လှိုင်းလုံးတွေပေါ်***

***ကိုယ်တော်ရှင်ကြောင့်သာ ငြိမ်ဝပ်လျက်နေမည်။***

ကိုယ်တော်၌သာ ခိုနားစေပါ။

ခက်ခဲချိန်၊ ကိုယ်တော်တန်ခိုးယုံကြည်။

ခက်ထန်သောဘဝမုန်တိုင်းမျိုးမျိုးကြားတွင် လောကလေ့ခွက်တည်းကျန်သည့်တိုင်အောင်ယုံကြည်ကိုးစားခြင်းအလံမလဲသော သူရဲကောင်းခရီးသည်များဖြစ်နိုင်ကြပါစေ။

## နှစ်သိမ့်ခွန်အားပေးသနား၊ နှုတ်ကပတ်တော်သမ္မာတရား

**<u>စဥ်းစားဆွေးနွေးရန်</u>**

(၁) နာဂစ်မုန်တိုင်းသည် ဘုရားသခင်၏လေ ဖြစ်နိုင်ပါမည်လား။

(၂) ဆင်းရဲဒုက္ခတိုင်းသည်ပြစ်ကြွေးဆပ်ခြင်းဖြစ်သည်ဟုယူဆသင့်သလား။

(၃) မြန်မာနိုင်ငံ၏အနာဂတ်ခရစ်ယာန်သာသနာ့ဗျူဟာတွင် ထာဝရဘုရားနှင့်ရုပ်တုများ နှိုင်းယှဉ်သင့်ပါသလား။

(၄) နှစ်သိမ့်ခြင်းနှင့်ခွန်အားရနိုင်ရန် ဘုရားသခင်ကိုမျှော်လင့်ရမည့် အသက်တာသည် မည်ကဲ့သို့သောအသက်တာဖြစ်မည်နည်း။

### <u>Bibliography</u>


Hansan, Paul. D. 1995. Interpreters, A Bible Commentary for Teaching and Preaching, Isaiah 40-66. John Knox Press, Louishville.

McKENZIE, S, J. John L. 1968. The Anchor Bible, Second Isaiah. Doubleday & Company Inc. New York.

Smith George Adam. 1952. The Expositor’s Bible. The book of Isaiah II. Hodder and Stoughton, London.

The Interpreter’s Bible. Vol V. New York, Abingdon Press, Nashville

Waard, Jan de. 1997. A handbook on Isaiah. Eisenbrauns, Winona Lake, Indiana.

# သမ္မာကျမ်းစာလေ့လာခြင်း (ဓမ္မသစ်)
## ဖိလိပ္ပိ ၄း၁၁-၁၃

ပြုစုသူ

ဆရာမဒေါ်အေးအေးချစ် (ဘာသာပြန်အတွင်းရေးမှူး)

**နိဒါန်း**

နှုတ်ကပတ်တော်တည်းဟူသော သမ္မာကျမ်းစာတော်မြတ်သည် လူသားတို့အားနှစ်သိမ့်ခြင်း၊ ခွန်အားတန်ခိုးအစွမ်းကို လူသားတို့၏နေ့စဉ်အသက်တာတွင်ပေးကမ်းလျက်ရှိနေပါသည်။ ယောဟန် ၁၄း၁၆ တွင်သခင်ယေရှုဘုရားက မိမိကောင်းကင်ဘုံသို့တက်ကြွသွားသောအခါတပည့်တော်တို့အားကူညီမစရန်အခြားသောအရှင်တစ်ပါး (ဥပဇ္ဈာယ်ဆရာ)

ကိုခမည်းတော်ထံ၌တောင်းလျှောက်ပေးမည်ဖြစ်သည်။ ထိုအရှင်သည်တပည့်တော်တို့၏အခက်အခဲတို့ကိုကူညီမစမည်။ ဒုက္ခရောက်သောအခါဖေးမကူညီမည်။ လမ်းမှားသောအခါလမ်းမှန်သို့ပြန်လည်ခေါ်ဆောင်ပေးလိမ့်မည်။ ပင်ပန်းနွမ်းနယ် သောအခါ ခွန်အားကိုပေးလိမ့်မည် ဟုဂတိ၏ပေးခဲ့သည်။

သခင်ယေရှုဘုရားကောင်းကင်သို့တက်ကြွပြီးမကြာမီပင် ပင်တေကုတ္တေပွဲနေ့၌ တပည့်တော်တို့အားသန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စေ၏။ ထိုအချိန်မှစ၍ တပည့်တော်တို့သည်၊ နှစ်သိမ့်ခြင်းနှင့်တကွ ခွန်အားအစွမ်းတန်ခိုးကိုရရှိကာ သတင်းကောင်းကိုရဲရင့်စွာဟောပြောကြတော့သည်။ (တမန်တော် ၂း၁-၄) တမန်တော်ကြီးရှင်ပေါလုသည်လည်း မိမိ၏ကြီးမားသောအမှုတော်လုပ်ငန်းတွင် ဘုရားရှင်ထံတော်မှခွန်အားဖြင့် အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်းဖော်ပြထားပါသည်။ ဖိလိပ္ပိ ၄း၁၃ ကိုကြည့်လျှင်တမန်တော်ကြီး၏အမှုတော်သာသနာ၌ ပင်ပန်းဆင်းရဲမှုများနှင့်တွေ့ကြုံရပါသော်လည်း ဘုရားရှင်ထံမှနှစ်သိမ့်ခွန်အားဖြင့်ခပ်သိမ်း သောအမှုတို့၌အောင်မြင်ခဲ့သည်ကိုတွေ့ရပါ သည်။ ထို့ကြောင့်ဤအကြောင်းအရာပါ ဖိလိပ္ပိဩဝါဒစာစောင်ကိုအနည်းငယ်လေ့လာ ကြပါစို့။

## စာစောင်ရေးသားသူ

ဤစာစောင်ကိုတမန်တော်ကြီးရှင်ပေါလုက ဖိလိပ္ပိအသင်းတော်ရှိယုံကြည်သူများထံသို့ရေးသားသောစာစောင်ဖြစ်ပါသည်။ အသင်းတော်ဖခင်ကြီးများစွာဖြစ်သော (Ignatius, Clement of Rome, Polycarp, Irenaeus, Clement of Alexandria, Tertullian) တို့က ဤစာစောင်သည်ရှင်ပေါလုလက်ရာဖြစ်ကြောင်းမကြာခဏကိုးကားပြောဆိုကြသည်။ အခန်း ၁း၁ တွင်ပါရှိသောရှင်ပေါလု၏ လက်သုံးစကားအားဖြင့်လည်း ရှင်ပေါလုရေးသားသောစာစောင်ဖြစ်ကြောင်းထင်ရှားပါသည်။

## ရေးသားသည့်အချိန်ကာလနှင့်နေရာ

ဤစာကိုရေးနေချိန်တွင် တမန်တော်ကြီးသည်ဖိလိပ္ပိထောင်ထဲတွင် အကျဉ်းခံနေရချိန် ဖြစ်သည် (၁း၁၃)။ ရှင်ပေါလုသည် ၂ကော ၁၁း၂၃ အရ ထောင်ထဲတွင်အကြိမ်ကြိမ် အကျဉ်းချထား ခြင်းခံရသည်။

- ဖိလိပ္ပိအကျဉ်းထောင် (တမန်တော် ၁၆း၂၃)
- ယေရုရှလင်အကျဉ်းထောင် (တမန်တော် ၂၂း၂၃-၃၀)
- ကဲသရိအကျဉ်းထောင် (တမန်တော် ၂၄း၁၊ ၂၃-၃၀)
- ရောမအကျဉ်းထောင် (တမန်တော် ၂၈း၁၆၊ ၃၀)

ရောမအကျဉ်းထောင်တွင် (၂) နှစ်ခန့်နေခဲ့ရသည်။ နှစ်နှစ်တာကုန်ခါနီးတွင် ဤဖိလိပ္ပိဩဝါဒစာကို ရောမအကျဉ်းထောင်ထဲတွင်ရေးသားသည်ဟု အထောက်အထားအများကဆိုထားသည်။ အေဒီ (၆၁) နှောင်းပိုင်းကာလဖြစ်နိုင်သည်။

## နောက်ခံသမိုင်းနှင့်ရည်ရွယ်ချက်

ရှင်ပေါလုသည် ဖိလိပ္ပိအသင်းတော်ကို မိမိ၏ဒုတိယခရီးစဉ်တွင်လုပ်ဖော်ဆောင်ဖက်များနှင့်အတူစတင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ (တမန်တော် ၁၆း၁၁-၄၀)။ ဥရောပဒေသအတွင်းပထမဦးဆုံးသော အသင်းတော်ဖြစ်သည်။ အာရှမိုင်းနား အနောက်မြောက်ပင်လယ်ကမ်းခြေအရပ်တွင်ရှိသောတရောမြို့သို့ရှင်ပေါလုရောက်ရှိ နေပြီးတစ်ညတွင် ရူပါရုံအားဖြင့် မာကေဒေါနိပြည်သားတစ်ဦးပေါ်လာပြီး "မာကေဒေါနိ ပြည်သို့ဖြတ်ကူးပါ။ ငါတို့ကိုမစပါ" (တမန် ၁၆း၉) ဟုပြော၏။ ရှင်ပေါလုလန့်နိုးလာပြီး တိမောသေ၊ လုကာ၊ သိလတို့နှင့်အတူဥရောပဒေသသို့ခရီးပြုခဲ့ကြသည်။ ပထမဦးဆုံးနာပေါလိမြို့သို့ရောက်ပြီးထိုမှတဆင့်ဖိလိပ္ပိမြို့သို့ရောက်လာကြသည်။ထိုမြို့သည် ရောမအစိုးရ၏ကိုလိုနီနယ်ဖြစ်သည်။ ထိုမြို့တွင် သွာတိရဲမြို့မှအထည်အလိပ်ရောင်း သောအမျိုးသမီး လုဒိ "Lydia"

ဆိုသူသည် ဧဝံဂေလိသတင်းကောင်းကိုလက်ခံ၍ ဥရောပတွင် ပထမဦးဆုံးအသက်တာ ပြောင်းလဲလာသူဖြစ်သည် (တမန် ၁၆း၁၁-၁၅)။ ထို့နောက် နတ်ဆိုးစွဲနေသော အမျိုးသမီးငယ်တစ်ဦးထဲမှနတ်ဆိုးကိုနှင်ထုတ်လိုက်သဖြင့် အမျိုးသမီးငယ်၏သခင်က ရှင်ပေါလုနှင့်သိလတို့အားရုံးတော်သို့ပို့လိုက်ကြ၏။ ရုံးတော် မှပေါလုနှင့်သိလတို့အား ကြိမ်လုံးဖြင့်ရိုက်နှက်ပြီး ထောင်ထဲတွင်လှောင်ထားကြသည် (တမန် ၁၆း ၁၆-၂၄)။ ညည့်လည်ယံရောက်သောအခါ ပေါလုနှင့်သိတို့ဆုတောင်းပြီး ကျေးဇူးတော်ချီးမွမ်းကြသဖြင့် အံ့ဩဖွယ်ရာလွတ်မြောက်ခြင်းရသည်သာမက ထောင်မှူး ကြီးနှင့်အိမ်သူအိမ်သားတို့အားလုံး ဘုရားသခင်ကိုယုံကြည်လျက် ကယ်တင်ခြင်းသို့ရောက်ကြ၏။ ထောင်မှူးကြီး၏အိမ်သူအိမ်သားတို့သည် ဘုရားသခင်ကိုယုံကြည် လျက်နှစ်သိမ့်ခြင်း၊ ဝမ်းမြောက်ခြင်းသို့ရောက်ကြ၏ (တမန် ၁၆း၂၅-၃၄)။

နောက် (၁၀) နှစ်ကြာသောအခါ ဖိလိပ္ပိအသင်းသားတို့က ရှင်ပေါလုအား စေတနာသဒ္ဒါထက်သန်စွာဖြင့် အလှူငွေများဖြင့်မစကြ၏။ ထိုပေးလှူသောအလှူများကို အသင်းသားတစ်ဦးဖြစ်သူ ဧပဖြောဒိတ်ဖြင့်ပေးလိုက်ခြင်းဖြစ်သည်(၄း၁၈)။ ဧပဖြောဒိတ် သည်ရှင်ပေါလုထံသို့သွားစဉ်သေလုမြေပါးဖျားနာခဲ့သည်။ နေကောင်းထူထောင်လာသောအခါရှင်ပေါလုကိုကူညီရန်အခိုက်အတန့်နေခဲ့သည်။ သို့နှင့်ရှင်ပေါလု၏ပေးစာကိုယူဆောင်ပြီး ဖိလိပ္ပိအသင်းတော် သို့တဖန်ပြန်လည်ရောက်ရှိလာသည်။ ထိုစာတွင် ရှင်ပေါလုက အသင်းသားတို့၏ပေးလှူခြင်းအတွက် အလွန်ကျေးဇူးတင်ပြီးအလွန်ဝမ်း မြောက်ကြောင်းနှင့်အသင်းသားတို့အားမိမိတို့၏ ယုံကြည်ခြင်း၌တိုးပွားဝမ်းမြောက်မည်အကြောင်း (ဖိလိပ္ပိ ၁း၂၆)၊ စစ်မှန်သောဝမ်းမြောက်ခြင်းသည်သခင်ယေရှုခရစ်ထံတော်မှသာလာခြင်းဖြစ်ကြောင်း ခွန်အားပေးတိုက်တွန်းလိုက်သော စာဖြစ်သည် (ဖိလိပ္ပ ၄း၁၀-၂၀)။

ဤစာစောင်၏အဓိကသော့ချက်မှာ "ဘုရားသခင်၌အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့" (ဖိလိပ္ပိ ၄း၄) ဖြစ်ပါသည်။ ဘုရားသခင်၌သော်လည်းကောင်း၊ ဘုရားသခင် ၏နှုတ်ကပတ်တရားစကားတော်၌လည်းကောင်း **ဝမ်းမြောက်**လျက် ထိုဝမ်းမြောက်ခြင်းသည်လူသားတို့အား **နှစ်သိမ့်ခြင်းနှင့်အတူခွန်အား**ဖြစ်စေသည်ကို ရှင်ပေါလုက ဤသြဝါဒစာစောင်တွင် မိမိအသက်တာဖြင့်ချိန်ထိုးကာပြသထားခြင်း ဖြစ်ပါသည်။

ဖိလိပ္ပိအသင်းသားများသည်ပျော်ရွှင်ချမ်းမြေ့သောသူများဖြစ်ကြသည်။ အခန်းကြီး(၄)ခုပါသော ဤသြဝါဒစာစောင်တွင် **ဝမ်းမြောက်ခြင်း** ဟူသောစကား (၁၂) ကြိမ်ပါရှိသည်။ သက်တာမှုန်တိုင်းထန်သည့်ကာလ၊ ခက်ခဲသည့်ကာလများ၌ပင် ငြိမ်သက်ခြင်း၊ နှစ်သိမ့်ခြင်း၊ ဝမ်းမြောက်ခြင်း ရှိရမည့်အကြောင်း ရှင်ပေါလုကိုယ်တိုင်ပင်ခံစား သိရှိခဲ့သည် (၄း၁၁)။ ဖိလိပ္ပိသြဝါဒစာတစ်ခုလုံးသည် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာဆွဲဆောင်မှုကောင်းသော နှုတ်ကပတ်တော်ဖြစ်သည်။

ဖိလိပ္ပိသြဝါဒစာ ၄း၁၁-၁၂ ကိုလေ့လာကြည့်လျှင်

## (၁) တွေ့ကြုံသမျှသောအရာတို့၌ရောင့်ရဲခြင်းရှိရန်၊

- ခရစ်တော်ထံမှလာသောခွန်အားဖြင့်သာရရှိနိုင်သည်။
- သင်သည်ကြီးမားသောအရာကို လိုချင်တောင့်တနေပါသလား။
- သင်လိုအပ်နေသောအရာကိုမရရှိသောကြောင့်မကြေမနပ်ဖြစ်နေပါသလား။
- ဘုရားသခင်၏ဂတိတော်ကိုမှီခိုလျက်ရောင့်ရဲသောစိတ်ကိုသင်ယူပါ။
- ခရစ်တော်၏တန်ခိုးတော်အားဖြင့်ရောင့်ရဲသောစိတ်ကိုရရှိရန်တောင်းခံပါ။

## (၂) သင်သည်တစ်စုံတစ်ခုကိုအစဉ်အမြဲလိုချင်သောစိတ်ရှိနေလျှင်

- ထိုလိုချင်တောင့်တသောစိတ်ဆန္ဒကိုဖယ်ရှားပစ်ရန်ဘုရားရှင်ထံတောင်းခံပါ။

- မည်သည့်အခြေအနေတွင်မဆိုမည်ကဲ့သို့ကြေနပ်ရောင့်ရဲစိတ်ရှိရမည်ကိုသင်ယူရန် ဘုရားရှင်ကိုတောင်းခံပါ။
- ထိုအခါ သင်နှင့်အသင့်တော်ဆုံးသောအရာ၊ သင်လိုအပ်သောအရာကို ဘုရားရှင် စီစဉ်ပေးတော်မူလိမ့်မည်။

## (၃) ရှင်ပေါလုသည် နှစ်သိမ့်၊ဝမ်းမြောက်ခြင်းကိုအစဉ်ရရှိသူဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်

- အသက်တာကိုဘုရားရှင်၏ရှုထောင့်မှ ကြည့်သောကြောင့်ဖြစ်သည်။
- ဘုရားရှင်အတွက် လုပ်ဆောင်ပေးရမည့်အရာကိုသာ ဦးစားပေးလုပ်ဆောင်သည်။ မိမိလုပ်လိုသည့်အရာကိုဦးစားမပေး။
- ထို့ကြောင့် ဘုရားရှင်ပေးသည့်ကြီးမြတ်သောကောင်းကြီးများဖြင့် ရှင်ပေါလု ကြွယ်ဝပြည့်စုံနေသည်။
- လိုချင်တောင့်တခြင်းဟူသည် မိမိအသက်တာ၌မပြည့်သောဝသောကြောင့်များစွာသောအရာ၊ အကောင်းဆုံးသော အရာတို့ဖြင့်ဖြည့်ချင်၏။ ယခုမိမိအသက်တာတွင် စဉ်းစားရမည်မှာ၊
- သင်၏အထဲ၌ကွက်လပ်ဖြစ်နေသည်ဟုထင်နေပါလျှင်မည်သည့်အရာတို့ဖြင့်ဖြည့်မည်နည်း။
- စစ်မှန်သောရောင့်ရဲခြင်း၊ နှစ်သိမ့်ခြင်းကို မည်သို့ရှာဖွေမည်နည်း။
- ဤမေးခွန်းတို့၏အဖြေသည် သင်၏ထင်မြင်သုံးသပ်ချက်၊ သင်၏ဦးစားပေးမှု၊ သင်၌ရှိသောခွန်အားအစွမ်းတို့၏အရင်းအမြစ်ပေါ်တွင်မူတည်နေပါသည်။

ဖိလိပ္ပိသြဝါဒစာ ၄း၁၃ ကိုဆက်လက်လေ့လာကြည့်လျှင်

## နှစ်သိမ့်ခြင်းခွန်အားအစွမ်းတန်ခိုးကို –

- ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းရှိခြင်းအားဖြင့်သာ ရရှိနိုင်သည်။
- ထိုခွန်အားအားဖြင့် ဘုရားရှင်၏အလိုတော်ကို ရောင့်ရဲစွာလုပ်ဆောင်နိုင် သည်။
- အလိုတော်ကိုလုပ်ဆောင်ရာမှ ပေါ်ထွက်လာသောစိန်ခေါ်ချက်များကိုရင်ဆိုင်နိုင်သည်။

မိမိအကျိုး၊ မိမိအတွက်သာဦးစားပေးလုပ်ဆောင်သောအမှုတို့တွင် ထိုခွန်အားကိုရရှိနိုင်မည်မဟုတ်။ ခရစ်တော်ကိုယုံကြည်လျက်၊ ထိုယုံကြည်ခြင်းအတွက်သာ ဦးစားပေးလုပ်ဆောင်ပါလျှင်ဒုက္ခဆင်းရဲခြင်း၊ ဖိအားပေးခြင်းနှင့်ပင်ပန်းဆင်းရဲခြင်းများနှင့် ရင်ဆိုင်ရပေလိမ့်မည်။ ထိုအရာတို့ သင့်ထံ ရောက်လာသောအခါနှစ်သိမ့်ခြင်း၊ ခွန်အားအစွမ်းတန်ခိုးတော်ကို ခရစ်တော်ထံတောင်းခံပါ။ ခရစ်တော်၏တန်ခိုးတော်အားဖြင့်သာ ခပ်သိမ်းသောအမှုကိုသင်တတ်စွမ်းနိုင်လိမ့်မည်။ နှစ်သိမ့်သက်သာခြင်းအခွင့်ကိုလည်း သင်ရရှိလိမ့်မည်ဖြစ်ပါသည်။